Message Ten

# ဘုရားသခင်၏ ဘုရားဇာတိ၌ပါဝင်ဆက်ဆံရန် ဘုရား-လူများ၏ ဘုရားဆိုင်ရာအခွင့်အရာ

ဖတ်ရန်ကျမ်း။ ။ ယော၊၃း၁၅။ ရော၊၈း၁၄၊ ၁၆၊ ၂၃၊ ၂၉-၃၀။ ၂ကော၊၃း၁၈။ ဧ၊၁း၄-၅။ ၁ယော၊၃း၂

I. **ဘုရား-လူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုရားဇာတိ၌ ပါဝင်ဆက်ရန်၊ ယင်းမှာ ဘုရားသခင်၌ ပါဝင်ဆက်ဆံရန် ဘုရားဆိုင်ရာ အခွင့်အရာရှိကြောင်း သိနားလည်ရန် လိုအပ်သည် - ယော၊၃း၁၅။ ၂ပေ၊၁း၄။**

A. ဘုရား-လူဖြစ်လာခြင်း၌ ပထမအဆင့်မှာ ကျွန်ုပ်တို့သည် နျူမက်တစ်ခရစ်တော်ဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်၌ ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်နှင့် သဘောသဘာဝနှင့်အတူ မွေးဖွားခံရခြင်းဖြစ်သည် - ယော၊၃း၆။ ၂ပေ၊၁း၄။

B. ဘုရား-လူများအနေဖြင့် ဘုရားသခင်၏သားများဖြစ်ရန် ဘုရားသခင်၏မွေးဖွားခြင်းခံရသူများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်ဖြစ်သောအရာ၌ ပါဝင်ဆက်ဆံရန်၊ ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်း၌ ဘုရားဖြစ်လာရန် အခွင့်အရာ ရှိကြသည် - ယော၊၁း၁၂-၁၃။ ရော၊၈း၁၆။ ၁ယော၊၃း၁။

II. **ဘုရား-လူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုရားဇာတိ သွင်ပြင်အမျိုးမျိုး၌ ပါဝင်ဆက်ဆံနိုင်ကြသည်။**

A. ကျွန်ုပ်တို့သည် ဘုရားသခင်၏အသက်၌ ပါဝင်ဆက်ဆံနိုင်သည် - ဧ၊၄း၁၈။ ယော၊၁း၄။ ၁၀း၁၀။ ၁၁း၂၅။

1. အသက်သည် ဘုရားသခင်၏ပါဝင်သောအရာနှင့် ဘုရားသခင်၏ စီးထွက်ခြင်းဖြစ်သည်။ ဘုရားသခင်၏ပါဝင်သောအရာသည် ဘုရားသခင်၏ဖြစ်ခြင်းဖြစ်ပြီး၊ ဘုရားသခင်၏စီးထွက်ခြင်းသည် မိမိကိုယ်တော်တိုင်ကို အသက်အဖြစ် ကျွန်ုပ်တို့ထံသို့ ဝေငှဖြန့်ဖြူးခြင်းဖြစ်သည် - ဗျာ၊၂၂း၁။
2. ဘုရားသခင်၏အသက်သည် ဘုရားဆိုင်ရာဖြစ်ပြီး၊ ဘုရားသခင်၏သဘောသဘာဝ ရှိကာ၊ ထာဝရဖြစ်သော၊ အစမရှိ အဆုံးသတ်ခြင်းမရှိသော၊ မိမိဘာသာတည်ရှိသော၊ အမြဲတည်ရှိသော၊ ဘယ်တော့မှမပြောင်းလဲသော အသက်ဖြစ်သည် - ယော၊၃း၁၅။ ၁ယော၊၂း၂၅။။ ၅း၁၃၊ ၂၀။
3. ဘုရားသခင်၏ထာဝရအသက်သည် ဖျက်ဆီးမရနိုင်သော၊ ဖြိုခွဲမရနိုင်သော၊ ယိုယွင်းခြင်းမရှိနိုင်သောအသက်ဖြစ်ကာ၊ ယင်းသည် သေခြင်းနှင့် မရဏာနိုင်ငံ၏စမ်းသပ်မှုကို ဖြတ်ခဲ့ကာ၊ သေခြင်းကို အောင်နိုင်၍၊ သေခြင်းကို ဝါးမျိုးသော ရှင်ပြန်ထမြောက်သည့် အသက်ဖြစ်သည် - ဟေဗြဲ၊၇း၁၆။ တ၊၂း၂၄။ ဗျာ၊၁း၁၈။
4. အသက်သည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးကာ ကျွန်ုပ်တို့၌ အသက်ရှင်နေသော အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား ဖြစ်သည် - ရော၊၈း၆၊ ၁၀-၁၁။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်ဆက်ဆံနိုင်ကြသည် - ဧ၊၁း၄။ ၂ပေ၊၁း၄။

1. ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားဖြစ်သောအရာ၊ ဘုရားသခင့်ဖြစ်ခြင်း၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်သည်။
2. ဘုရားသခင်သည် သန့်ရှင်းသည်။ သန့်ရှင်းခြင်းသည် ကိုယ်တော်၏သဘောသဘာဝဖြစ်ကာ၊ ကိုယ်တော်က ကျွန်ုပ်တို့ကို ကိုယ်တော် သန့်ရှင်းသည်နည်းတူ သန့်ရှင်းစေရန် ခရစ်တော်၌ ကျွန်ုပ်တို့အား ရွေးချယ်ခဲ့သည် - ဧ၊၁း၄။ ၁ပေ၊၁း၁၅-၁၆။
   a. သန့်ရှင်းခြင်းရှိရန်မှာ ဘုရားသခင်၏သဘောသဘာဝ၌ ပါဝင်ဆက်ဆံရန် ဖြစ်သည် - ဧ၊၁း၄။
   b. ကျွန်ုပ်တို့ကို သန့်ရှင်းစေရန် ရွေးချယ်ခဲ့သော ဘုရားသခင်သည် သန့်ရှင်းသောအရှင်ဖြစ်သည့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းစေသည်၊ သို့မှသာ ကျွန်ုပ်တို့ဖြစ်ခြင်း တစ်ခုလုံးသည် ကိုယ်တော်၏သန့်ရှင်းသောသဘောသဘာဝဖြင့် စိမ့်ဝင်ပျံ့နှံ့ခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းရှိမည်ဖြစ်သည် - ၁ပေ၊၁း၁၅-၁၆။
3. ဘုရားသခင်၏ဘုရားဆိုင်ရာ သဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်ခြင်းမှာ ဘုရားသခင့်ဖြစ်ခြင်း၏ ဒြပ်သဘာဝများ၊ ပါဝင်သောအရာများကို ပါဝင်ဆက်ဆံသူဖြစ်ခြင်း ဖြစ်သည် - ဧ၊၃း၈။

4. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝကို ပါဝင်ဆက်ဆံကာ၊ ကိုယ်တော်ဖြစ်ခြင်း၏ စေ့စပ်ထုံးဖွဲ့မှုကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသင့်ပါသည် - ၂ပေ၊၁း၄။

C. ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းမှတဆင့် ဘုရား-လူများဖြစ်လာခဲ့သောကြောင့် ကျွန်ုပ်တို့၌ ဘုရားသခင်၏အသိဉာဏ်ကို ပါဝင်ဆက်ဆံရန် အခွင့်အရာ ရှိကြသည် - ၁ယော၊၂း၂၇။ ဖိ၊၂း၅။ ၁ကော၊၂း၁၆။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၌ရှိကြကာ၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏ဒြပ်သဘာဝများ ရှိကြသည်။ ကျွန်ုပ်တို့၌ ကျွန်ုပ်တို့၏အသိဉာဏ်ရှိနေဆဲဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့၌ ဘုရားသခင်၏အသိဉာဏ်လည်း ရှိသည် - ဖိ၊၂း၅။
2. ဘိသိက်ပေးခြင်းသည် ကျွန်ုပ်တို့အတွင်း၌ လှုပ်ရှားနေသောအခါ၊ ၎င်းသည် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဘိသိက်ပေးပြီး၊ ကျွန်ုပ်တို့ထံ ဘုရားသခင်၏အသိဉာဏ်ကို ဖွင့်ပြပေးသည် - ၁ယော၊၂း၂၇။
3. ခရစ်တော်၏အသိဉာဏ်ကို ကျွန်ုပ်တို့၏အသိဉာဏ်ဖြစ်ခွင့်ပေးလျှင် ကျွန်ုပ်တို့၌ ခရစ်တော်၏အသိဉာဏ်ကို ရရှိမည်ဖြစ်သည် - ဖိ၊၂း၅။
   a. ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်ကို ရရှိရုံသာမက၊ ခရစ်တော်၏အသိဉာဏ်ကိုလည်း ရရှိကြသည် - ၁ကော၊၂း၁၆။
   b. ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်မှ ကျွန်ုပ်တို့၏အသိဉာဏ်ကို စိမ့်ဝင်ပျံ့နှံ့ကာ၊ ကျွန်ုပ်တို့၏အသိဉာဏ်ကို ကိုယ်တော်၏အသိဉာဏ်နှင့် တစ်လုံးတစ်ဝဖြစ်စေသည် - အငယ်၊၁၆။ ဧ၊၄း၂၃။

D. ဘုရား-လူများသည် ဘုရားသခင်၏ဖြစ်ခြင်း၌ ပါဝင်ဆက်ဆံရန် အခွင့်အရာရှိကြသည် -၂ကော၊၃း၁၈။

1. ကျွန်ုပ်တို့ ဤသို့ပြောရခြင်း၏အခြေခံမှာ ၂ကောရိန္သု ၃း၁၈ ရှိ ပေါလု၏စကားအရဖြစ်ပြီး၊ ယင်း၌ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ဘုရားသခင်၏ဖြစ်ခြင်းကိုယ်တိုင်ဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခံရကြောင်း ပြောထားသည်။
2. ခရစ်တော်၏စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏အသက်၊ သဘောသဘာဝနှင့် အသိဉာဏ်၌ ပါဝင်ဆက်ဆံရုံသာမက၊ ကိုယ်တော်၏ဖြစ်ခြင်း၌လည်း ပါဝင်ဆက်ဆံကြကြောင်း ဆိုလိုခြင်းဖြစ်သည် - ဧ၊၃း၈။

E. ဘုရား-လူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်၌ ပါဝင်ဆက်ဆံရန် အခွင့်အရာရှိကြသည် - ၂ကော၊၃း၁၈။

1. ခရစ်တော်သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်ကာ၊ ကိုယ်တော်ဖြစ်သောအရာကို ထင်ရှားစေသည် - ကော၊၁း၁၅။ ၂ကော၊၄း၄။
2. ၂ကောရိန္သု ၃း၁၈ အရ ကျွန်ုပ်တို့သည် "သဏ္ဌာန်တူညီခြင်းအထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း"ရှိနေကြသည်။
3. သဏ္ဌာန်တူညီခြင်းအထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှာ ဘုရားသခင်၏သားဦးအဖြစ် ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့် သဏ္ဌာန်တူညီခြင်း၊ ကိုယ်တော်ဖြစ်သည့်နည်းတူ တူညီလာခြင်း ဖြစ်သည် - ရော၊၈း၂၉။

F. နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်၌ ပါဝင်ဆက်ဆံရန် ဘုရားသခင်၏ဘုန်းတော်အထဲသို့ ခေါ်ဆောင်ခံရလိမ့်မည်ဖြစ်သည် - ဟေဗြဲ၊၂း၁၀။

1. ဘုရားသခင်သည် ဘုန်းတော်၏ဘုရားသခင်ဖြစ်သည်။ ဘုန်းတော်သည် ဘုရားသခင်၏ထင်ရှားခြင်းဖြစ်ကာ၊ ဘုရားသခင်သည် ဘုန်းထယ်ဝါခြင်း၌ ထင်ရှားခဲ့သည် - တ၊၇း၂။ ၁ကော၊၂း၇။ ၂ကော၊၃း၁၈။ ၄း၆။
2. ဘုရားသခင်၏ထာဝရပန်းတိုင်သည် ကိုယ်တော်၏ များစွာသောသားများကို ဘုန်းတော်အထဲသို့ ခေါ်ဆောင်ရန်ဖြစ်သည် - ဟေဗြဲ၊၂း၁၀။
3. အရာအားလုံးပါဝင်သောခရစ်တော်သည် ဘုန်းတော်၏မျှော်လင့်ခြင်းအဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည် - ကော၊၁း၂၇။
4. ကျွန်ုပ်တို့သည် သခင်ဘုရား၏ဘုန်းတော်ကို မျှော်ကြည့်၍ ရောင်ပြန်ဟပ်သည့်အလျောက် ဘုန်းတော်မှ ဘုန်းတော်သို့ သခင်ဘုရား၏ပုံသဏ္ဌာန်တော်အထဲသို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ရှိကြသည် - ၂ကော၊၃း၁၈။

G. ဘုရား-လူများ၏ ဘုရားဆိုင်ရာအခွင့်အရာ နောက်ထပ်သွင်ပြင်တစ်ခုမှာ ဘုရားသခင်၏ သားအရိုက်အရာ၌ ပါဝင်ဆက်ဆံရခြင်းဖြစ်သည် - ဧ၊၁း၅။ ရော၊၈း၂၃။

1. မြေကြီးတိုက်မြစ်မချမီ - ထာဝရအတိတ်ကာလ၌- ဘုရားသခင်သည် ကျွန်ုပ်တို့ကို သားအရိုက်အရာသို့ ကြိုတင်ခွဲခန့်မှတ်သားခဲ့သည် - ဧ၊၁း၅။
2. အချိန်မစတင်မီ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်၏သားအရိုက်အရာ၌ ပါဝင်ဆက်ဆံခြင်းရှိရန် ရည်ရွယ်ခြင်းနှင့် ဆုံးဖြတ်ခြင်း ရှိခဲ့သည် - အငယ်၊၅။
3. ခရစ်တော်၏ရွေးနုတ်ခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏သားအရိုက်အရာအထဲသို့ ခေါ်ဆောင်ပေးပြီး၊ ကျွန်ုပ်တို့သည် သားအရာ၏ဝိညာဉ် - ကျွန်ုပ်တို့၏အသစ်မွေးဖွားခံရသော လူသားဝိညာဉ်သည် ဘုရားသခင့်သားတော်၏ ဝိညာဉ်တော်ဖြင့် ရောနှောပေါင်းစည်းခြင်း - ကို ရရှိကြသည် - ဂလ၊၄း၆။ ရော၊၈း၁၅။

H. ဘုရားသခင်၏ဘုရားဇာတိ၌ ပါဝင်ဆက်ဆံရန် ဘုရား-လူများ၏ အခွင့်အရာသည် ဘုရားသခင်၏ထင်ရှားပေါ်လွင်ခြင်း၌ ပါဝင်ဆက်ဆံရန် အခွင့်အရာလည်း ပါဝင်သည် - အငယ်၊၁၉။
1. ကျွန်ုပ်တို့၏အသက်ဖြစ်သော ခရစ်တော်သည် ထင်ရှားပေါ်ထွန်းသောအခါ ကျွန်ုပ်တို့သည် ဘုန်းတော်၌ ကိုယ်တော်နှင့်အတူ ထင်ရှားပေါ်ထွန်းကြမည်ဖြစ်သည် - ကော၊၃း၄။
2. ဘုရားသခင်သည် ထင်ရှားပေါ်ထွန်းသောအခါ ဘုရားသခင်၏သားများဖြစ်သည့် ကျွန်ုပ်တို့သည် ထိုထင်ရှားပေါ်ထွန်းခြင်း၌ ပါဝင်ဆက်ဆံကြမည်ဖြစ်သည် - ရော၊၈း၁၉။
3. ဘုရားသခင်သည် ကိုယ်တော်၏သားများနှင့်အတူ ထင်ရှာပေါ်ထွန်းမည်ဖြစ်ပြီး (ဟေဗြဲ၊၂း၁၀)၊ သူတို့သည် အသက်၌၊ သဘောသဘာဝ၌၊ အသိဉာဏ်၌၊ ဖြစ်ခြင်း၌၊ သဏ္ဌာန်တော်၌၊ ဘုန်းတော်၌ ကိုယ်တော်နှင့် တူညီကြမည်ဖြစ်သည် (ရော၊၈း၁၉)။

I. ဘုရားသခင်၏ဘုရားဇာတိ၌ ပါဝင်ဆက်ဆံရန် ဘုရား-လူများ၏ အခွင့်အရာသည် ဘုရားသခင်နှင့်တစ်ညီတည်းဖြစ်ခြင်းကို ဆောင်ရန် အခွင့်အရာ ပါဝင်သည် - ၁ယော၊၃း၂။
1. ယောဟန်ပထမစာစောင် ၃း၂ က "ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတ့ံဟု ငါတို့ သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော် ဖြစ်တော်မူသည့်အတိုင်းကို ငါတို့သည် မြင်ရကြလတ့ံ"ဟု ပြောထားသည်။
2. ခရစ်တော်သည် ထင်ရှားပေါ်ထွန်းသောအခါ သုံးပါးတစ်ပါးဘုရာသည် ထင်ရှားပေါ်ထွန်းလိမ့်မည်။ ကိုယ်တော်ကို ကျွန်ုပ်တို့မြင်သောအခါ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားကို မြင်ရကြလိမ့်မည်။ ကိုယ်တော်ကဲ့သို့ ကျွန်ုပ်တို့ဖြစ်ကြသောအခါ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားကဲ့သို့ ဖြစ်ရကြလိမ့်မည် - အငယ်၊၂။
   a. ဤအရာက ကျွန်ုပ်တို့သည် ကိုယ်တော်၏တစ်ညီတည်းဖြစ်ခြင်းကို ဆောင်ကြလိမ့်မည်ဖြစ်ကြောင်း ရှင်းလင်းစွာဖွင့်ပြထားသည်။
   b. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝ၌သာ ပါဝင်ဆက်ဆံရရုံသာမက၊ ကိုယ်တော်နှင့်တစ်ညီတည်းဖြစ်ခြင်းကိုလည်း ဆောင်ကြသည် - ဧ၄း၁၈။ ၂ပေ၊၁း၄။ ၁ယော၊၃း၂။

J. နောက်ဆုံးတွင် ဘုရား-လူများသည် ဘုရား-လူအမျိုးအစား၊ ဘုရားသခင်၏မျိုးစိတ်များ ဖြစ်ရန် ဘုရားဆိုင်ရာအခွင့်အရာ ရှိကြသည် - ယော၊၁း၁၂-၁၃။ ရော၊၈း၁၄၊ ၁၆။
1. ဘုရားသခင်သည် လူသားမျိုးစိတ်အထဲသို့ ဝင်ရောက်ရန် လူဖြစ်လာခဲ့ပြီး၊ လူသည် ဘုရားသခင်၏ဘုရားဆိုင်ရာမျိုးစိတ်နယ်ပယ်အထဲသို့ ဝင်ရောက်ရန် ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာသည် - ယော၊၁း၁၊ ၁၂-၁၄။ ၂ပေ၊၁း၄။
2. ဘုရားဆိုင်ရာနယ်ပယ် - ဘုရားဆိုင်ရာမျိုးစိတ်များ၏နယ်ပယ်- အထဲသို့ဝင်ရောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝရရှိရန် ဘုရားသခင်၏မွေးဖွားခြင်းခံရန် လိုအပ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆၊ ၁၅။ ၂ပေ၊၁း၄။
   a. ကျွန်ုပ်တို့သည် ဘုရားသခင်၏မျိုးစိတ်ဖြစ်ရန် အသစ်မွေးဖွားခဲ့ပြီဖြစ်ပြီး၊ ဘုရား-လူအမျိုးအစားဖြစ်လာကြသည် - ယော၊၁း၁၂-၁၃။

b. ကျွန်ုပ်တို့၏ဒုတိယမွေးခြင်း၊ အသစ်မွေးဖွားခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏မျိုးစိတ်များဖြစ်လာစေရန် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်သွားစေသည် - ၃း၃၊ ၅-၆။
c. ဘုရားသခင်၏သားများအားလုံးသည် ဘုရားဆိုင်ရာမျိုးစိတ်၏ ဘုရားဆိုင်ရာနယ်ပယ်၌ ရှိကြသည် - ၁း၁၂-၁၃။ ၃း၃၊ ၅။
d. ယောဟန်ဧဝံဂေလိစာစောင်၌ ယုံကြည်သူများသည် ဘုရားဆိုင်ရာမျိုးစိတ်၏ နယ်ပယ်၌ အသက်ရှင်ခြင်း၏ သွင်ပြင်များစွာကို ကျွန်ုပ်တို့မြင်ရသည် - ၁း၁၆။ ၁၅း၄က၊ ၉၊ ၁၁။ ၄း၂၃-၂၄။ ၁၄း၂၊ ၂၀၊ ၂၃။၁၇း၂၂-၂၄။
3. ကျွန်ုပ်တို့မည်သည့်နေရာ၌ ရှိနေပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုရားဇာတိ၌ ပါဝင်ဆက်ဆံရန် ဘုရားဆိုင်ရာ အခွင့်အရာရှိသော ဘုရား-လူများဖြစ်ကြောင်း သတိရမှတ်မိရန် လိုအပ်သည် - ကော၊၃း၄။ ဧ၊၁း၄-၅။ ၂ကော၊၃း၁၈။ ၂ပေ၊၁း၄။

© 2023 Living Stream Ministry